ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့၊ (11-3-2006) (၄၈၉၆)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့သို့လေ့လာ

ရန်ကုန် မတ် ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘာစကာကူမားမီထရာနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Ms.Anita Nayar၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုကြရာတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ ရောမောင်ယဉ်ကျေးမှုဆင်အကအဖွဲ့က ရိုးရာဆင်အကဖြင့်လည်းကောင်း၊ ကျောင်းသူလေးများက လက်များဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့်အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့အတူ အနုပညာဦးစီးဌာန မန္တလေးဌာနခွဲ မင်္ဂလာစည်တော်အဖွဲ့က စည်တော်အကဖြင့် ဂုဏ်ပြုကြိုဆိုရာ ဧည့်သည်တော် သမ္မတကြီးက ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မင်္ဂလာစည်တော်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်တွင် ကြည့်ရှုလေ့လာကြစဉ်။**(သတင်းစဉ်)



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၁–၃–၂၀၀၆
(စနေနေ့)

# အိန္ဒိယသမ္မတကြီး၏ ချစ်ကြည်ရေးခရီးစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၈ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိလာခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထား၍ ဆက်ဆံလျက်ရှိသည်။ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ အပြန်အလှန်သွားလာလည်ပတ်ကြကာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၅ရက်နေ့မှ ၂၉ရက်နေ့ အထိ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအရေးနှင့် ဆက်နွယ်လျက်ရှိသည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံ ဆက်ဆံရေးတွင် အပြန်အလှန် နားလည်မှုများ တိုးတက်ရရှိစေခဲ့ပြီး တစ်နိုင်ငံ၏ အရေးအရာကို တစ်နိုင်ငံက အလေးထားကာ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုနားလည်မှုရရှိစေခဲ့ပေသည်။

ယခုတစ်ဖန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်က သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ပေသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မတ်လ ၉ရက်နေ့က သဘောတူညီချက်တစ်ခုနှင့် နားလည်မှုစာချွန်လွှာ နှစ်ခုတို့အား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါ သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာတို့မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှစူးစမ်းရှာဖွေရေးနယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘော တူညီချက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသာသနာရေး ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေ လေ့လာသင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သို့ဖြစ်ရာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ်၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လာရောက်လည်ပတ်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်လာစေမည် ဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် ချစ်ကြည်ရင်းနှီး စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ငွေဝတ်မှုံရပ်ကွက် အမှတ်–၇၀(ဟ)နေ ကွယ်လွန်သူ ဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း) O.T.S (၁၀) ဒုတိယဝန်ကြီး(ငြိမ်း) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအား ရည်စူး၍ ဇနီး ဒေါ်တင်ရီ(တင်ရီမ–ညောင်ဦး)မိသားစုက ငွေကျပ်သုံးသိန်း တန်ဖိုးရှိ ဆေးရုံသုံး ခုတင်နှင့် ဆေးပစ္စည်းများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၄၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၁၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့သည် မတ် ၆ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် သပြေပင်ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**





ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရပ်မိရပ်ဖများနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ခန်းမ တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ညောင်ကျိုးတိုက်နယ်ဆေးရုံသို့ ရောက်ရှိလာရာ တိုက်နယ် ဆရာဝန် ဒေါက်တာ သန်းညွန့်က ဆေးရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၇ရက် မွန်းလွဲပိုင်းတွင် ထူးကြီး–ညောင်ခြေထောက် (ရွာသာယာ–ထန်းတော)ဖြတ်လမ်းသို့ သွားရောက်စစ်ဆေးရာ ဒေသခံကျေးရွာ ရပ်မိရပ်ဖများက လိုက်လံရှင်းလင်းပြသပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ တိုက်နယ်ဆေးရုံကို ဝင်ရောက်စစ်ဆေးရာ တိုက်နယ် ဆရာဝန် ဒေါက်တာ ဇော်နိုင်ဦးက လိုက်လံရှင်းလင်းပြသပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)



**အမှာစကား ပြောကြား**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

## ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက် အမှတ် (၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော တောင်ဥက္ကလာပမြို့နယ် အောင်မြေရတနာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏသေဋ္ဌ အရှင်သူမြတ်အား ချီးကျူးပူဇော်ပွဲကို မတ် ၁၉ရက်(တပေါင်းလပြည့်ကျော် ၆ရက်)၊ တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် အဆိုပါ စာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

☆ **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် စည်းဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား တိုင်းရင်းဆေးတက္ကသိုလ်နှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

**လက်ဆောင်ဂါရဝပြုပေးအပ်**

ယင်းနောက် တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကိုက ဧည့်သည်တော် သမ္မတကြီးအား အထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့်အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်ပြတိုက် (Museum) ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူကလမ်က အစည်းအဝေးခန်းမ၌ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များအား အိန္ဒိယရိုးရာ တိုင်းရင်းဆေးဝါးများအား သုတေသနပြုမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက တိုင်းရင်းဆေးတက္ကသိုလ် ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

**ဂုဏ်ပြုနေ့လယ်စာတည်ခင်း**

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**ကုသိုလ်တော်ဘုရား**

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာလောက မာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် သမ္မတကြီးအား သပိတ်အိုင်တောရ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ ရှင်ဉာဏိဿရ (D.Litt) က စေတီတော်နှင့် စပ်လျဉ်း၍ ရှင်းလင်း မိန့်ကြားသည်။

ယင်းနောက် ဧည့်သည်တော် သမ္မတကြီးသည် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည့်ရှုကာ စေတီတော် အင်္ဂါထောင့်ရှိ ခေါင်းလောင်းအားထိုးပြီး စေတီတော်ပရိဝုဏ်ရှိ ပိဋကတ်ကျောက်စာများအား လှည့်လည်ကြည့်ရှုလေ့လာရာ သီတဂူဆရာတော်က လိုက်လံရှင်းလင်း မိန့်ကြားသည်။

ထို့နောက် ဧည့်သည်တော် သမ္မတကြီးသည် စေတီတော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်ထံ ပေးအပ်လှူဒါန်းသည်။

**မဟာမုနိဘုရားကြည်ညို**

ထိုမှတစ်ဆင့် ဧည့်သည်တော် သမ္မတကြီးသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ကြည်ညိုရာ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ပုနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် သမ္မတကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများကပ်လှူ လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် သမ္မတကြီးသည် အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ပုထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် သမ္မတကြီးသည် ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုသည်။

**ပို့ဆောင်နှုတ်ဆက်**

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်နှင့်အဖွဲ့ဝင်များသည် ညနေ ၅ နာရီ ၃၅ မိနစ်တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသူလေးများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူစဉ်။** (သတင်းစဉ်)

# တန့်ကြည့်တောင်ဝိပဿနာ အဓိဋ္ဌာန်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

တန့်ကြည့်တောင် ဆရာတော်ကြီးက သတိပဋ္ဌာန်ဝိပဿနာခုနစ်ရက် အဓိဋ္ဌာန်ပွဲများကို မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာအနီးရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာ(ရန်ကုန်)၌ ဟောကြားပြသမည်ဖြစ်သည်။

အဓိဋ္ဌာန်ပွဲများကို မတ် ၁၅ ရက် ညနေမှ ၂၂ ရက် နံနက်အထိ၊ မတ် ၂၂ ရက်ညနေမှ ၂၉ ရက် နံနက်အထိ၊ မတ် ၂၉ ရက် ညနေမှ ဧပြီ ၅ ရက် နံနက်အထိ ပြုလုပ်မည်ဖြစ်ရာ ယောဂီများ ရိပ်သာဖုန်း–၆၃၈၀၈၈ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ဆက်သွယ်၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

**မြန်မာ–အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် အိန္ဒိယသမ္မတနိုင်ငံ TCIL ကုမ္ပဏီမှ Technical Director Mr. P.Ganesh တို့ မြန်မာ–အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)




# မြန်မာ–အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ် ချုပ်ဆိုသည့် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ TCIL(Telecommunications Consultants India Limited) တို့အကြား မြန်မာ–အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူကန်ထရိုက်စာချုပ် ချုပ်ဆိုသည့်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။**

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်း၊ မြန်မာနိုင်ငံအမျိုးသားအဆင့် အီလက်ထရွန်းနစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အိန္ဒိယသမ္မတနိုင်ငံ TCIL မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားစတင်ရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် အိန္ဒိယသမ္မတနိုင်ငံ TCILကုမ္ပဏီမှ Technical Director, Mr. P. Ganeshတို့သည် မြန်မာ–အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရန်အတွက် သဘောတူကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။ ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ TCILကုမ္ပဏီမှ တာဝန်ရှိသူများတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# MRTV-4

## ရုပ်မြင်သံကြားအစီအစဉ်

**၁၁–၃–၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၇း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၄၀ | တေးဂီတအစီအစဉ် |
| ၇း၄၅ | မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (စပါးစိုက်ပျိုးရေး) |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | လွယ်ကူသက်သာမြန်မာ့ဟင်းလျာ(ဆိတ်သားနှင့်ဒိန်ချဉ်) |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၅၀ | အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့် Patent) |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | လိုင်စင်(မင်းထက်ကျော်ဇင်၊ နှင်းဝတ်ရည်သောင်း) |
| ၉း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၂၅ | ဗီစီဒီမိတ်ဆက်[Valentine Love Songs(II)] |
| ၉း၄၅ | သားဖွားနှင့်မီးယပ်ရောဂါများအကြောင်း |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | မြန်မာ့အလှရေဆေးပန်းချီပြပွဲ |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | Art & Technology Talk |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ | အိုလံပစ်အားကစားချန်ပီယံများ |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League**
**ဘောလုံးပွဲစဉ်များ**

| **ညပိုင်း** | **အစီအစဉ်** |
|---|---|
| ၅း၄၀ | ပရီးမီးယားပွဲကြိုသုံးသပ်ချက်(၁)(ကျော်ဘီလူးတင်မောင်ဆွေ၊နေမျိုးသူရ၊ပြည့်ဖြိုးဟန်) |
| **လိုင်း** | 5-Sports |
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) |
| **လိုင်း** | 5-Sports(Live) |
| ၆း၃၀ | Birmingham-West Brom |
| **လိုင်း** | 5-Movies(Live) |
| ၇း၁၀ | Chelsea-Tottenhan |
| **လိုင်း** | 5-Sports(Live) |
| ၉း၂၅ | Everton-Fulham |
| **လိုင်း** | 5-Movies(Live) |
| | Bolton-West Ham |
| **လိုင်း** | 5-Sports(Live) |
| | Sunderland-Wigan |
| **လိုင်း** | 5-Cartoons(Live) |
| ၁၁း၄၀ | Blackburn-Aston Villa |
| **လိုင်း** | 5-Sports(Live) |
| ၂း၀၀ | Final Score |
| **လိုင်း** | 5-Sports(Live) |

# မိုးကုတ်တရားစခန်း

**ရန်ကုန် မတ် ၁၀**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒသာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ မတ် ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)



**အမှတ်(၇၁) တက္ကသိုလ်ရိပ်သာလမ်း ရွှေတောင်ကြား(၁) ဗဟန်းမြို့နယ်နေ ဦးလှရွှေ–ဒေါ်လှလှ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး) လက်ခံယူစဉ်။** (က–ပ)

(11-3)03.P65 1 1/1/32, 2:21 PM



တရုတ်ပြည်တွင် မျိုးသုဉ်းမပျောက်ကွယ်ရေးအတွက်သစ်တောဥယျာဉ်အတွင်း ထိန်းသိမ်း စောင့်ရှောက် ထားသည့် ပန်ဒါဝက်ဝံ များကို တွေ့ရစဉ်။

(ဓာတ်ပုံ – ပေကျင်းရီဗျူး)

# သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး အီရန်၊ အိန္ဒိယနှင့် ပါကစ္စတန် ဆွေးနွေးမည်

**တီဟီရန် မတ် ၉**

ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အီရန်နှင့် အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်ပေးမည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် စပ်လျဉ်း၍ အီရတ်၊ ပါကစ္စတန်နှင့် အိန္ဒိယ သုံးနိုင်ငံ ပထမဦးဆုံးသော ဆွေးနွေးပွဲကို တီဟီရန်မြို့၌ မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံပိုင် အိုင်အာအင်အေသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

**ဖော်ပြ**

ထို့အပြင် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံအကြိုညှိနှိုင်းဆွေးနွေးပွဲကို တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် အချက်အလက်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းနှင့် ပတ်သက်၍ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်မူကြမ်းကို ရေးဆွဲနိုင်မည်ဟု မျှော်မှန်းထားကြောင်း ရေနံဒုတိယဝန်ကြီး ဟာဒီနီဂျတ်ဟူစိန်နီယံ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

**အဆိုပြု**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် မြင့်မားလာသည့် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို ၁၉၉၆ ခုနှစ်တွင် အဆိုပြုခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာ လေးဘီလီယံ အကုန်အကျခံ တည်ဆောက်မည့် ယင်းစီမံကိန်းမှာ နှစ်ပေါင်းများစွာ နှောင့်နှေးခဲ့ရာမှ ယခုအခါ အကောင်အထည်ဖော်ရန် အခါအခွင့် သင့်လာပြီဖြစ်သည်။

**မျှော်မှန်းထား**

အီရန်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ကီလိုမီတာ ၂၇၀၀ ရှည်လျားသည့်ပိုက်လိုင်း တည်ဆောက်ရေးကို ၂၀၀၇ ခုနှစ်တွင် စတင်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။ ၂၀၁၁ ခုနှစ်ထက် နောက်မကျဘဲ ဓာတ်ငွေ့ပိုက်လိုင်းကို စတင်အသုံးပြုနိုင်ဖွယ်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အင်ဒိုနီးရှားနှင့်ဂျပန် ဇီဝစွမ်းအင် ပူးပေါင်းထုတ်လုပ်မည်

**ဂျကာတာ မတ် ၉**

သုံးစွဲရာတွင် အကန့်အသတ်ရှိပြီး ဈေးကြီးသည့်ရေနံအပေါ် မှီခိုအားထားနေမှုမှ လျော့ပါးသက်သာစေရန်အတွက် ဂျပန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဇီဝစွမ်းအင်ကို အသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာတစ်စောင်က ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

**ယုံကြည်**

အခြေခံကုန်ပစ္စည်းများ ဈေးမြင့်မားနေမှုကြောင့် ရေနံစွမ်းအင်ထုတ်လုပ်သည့် အတားအဆီးများဖြင့် တွေ့ကြုံနေရသည့် ဂျပန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံ၏ ရေမြေသဘာဝသည် ဇီဝစွမ်းအင်ထုတ်လုပ်ရန် သင့်တင့်လျောက်ပတ်သည်ဟု ယုံကြည်ထားကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားသည်။

**စွမ်းအင်ဈေးကွက်**

ဂျပန်နှင့်အင်ဒိုနီးရှားတို့ ပူးပေါင်းဆောင်ရွက်ပြီး အာရှတစ်ဝန်း ဇီဝစွမ်းအင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ဇီဝပစ္စည်းများ ထုတ်လုပ်သွားမည်ဖြစ်ပြီး စွမ်းအင်ဈေးကွက် ရှာဖွေသွားမည်ဖြစ်ကြောင်း ဂျကာတာမြို့တော်သို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်စွမ်းအင်ဝန်ကြီး ဟာရူဟီကိုအန်ဒိုက ပြောကြားသည်။

**ဆွေးနွေး**

ဂျပန်နှင့်အင်ဒိုနီးရှားမှ တာဝန်ရှိသူများက အင်ဒိုနီးရှားနိုင်ငံတွင် ပေါက်ရောက်မှုများသည့် ဆီထွက်သီးနှံတစ်မျိုးကို အသုံးပြု၍ ဇီဝဒီဇယ်စွမ်းအင်ထုတ်လုပ်ရေးကိစ္စကို နှီးနှောဖလှယ်ပွဲအတွင်း စိတ်ဝင်တစား ဆွေးနွေးကြသည်။

ဇီဝဒီဇယ်စွမ်းအင်ကို ပဲပိစပ်နှင့် အခြားဆီထွက်သီးနှံများကဲ့သို့သော ပြန်လည်အသုံးပြုနိုင်သည့် အရင်းအမြစ်များမှ ထုတ်ယူနိုင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



စင်ကာပူနိုင်ငံ ကက်ပယ်လ်ဆိပ်ကမ်းကို မတ် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ဆိုက်ဘေးရီးယား၌ ဆီးနှင်းပြိုကျ

**မော်စကို မတ် ၉**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ ဆီးနှင်းများ ပြိုကျမှုကြောင့် နှင်းလျှောစီးသမားနှစ်ဦး မတ် ၈ ရက်တွင် သေဆုံးခဲ့ကြောင်း အီတာတာ့စ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

နှင်းလျှောစီးသူ ၁၉ဦးပါသည့်အဖွဲ့သည် ဘိုင်တလ်ကန်အနီးရှိ တောင်တွင် နှင်းလျှောစီးနေကြစဉ် ဆီးနှင်းများပြိုကျလာပြီး လူခြောက်ဦးမှာ ဆီးနှင်းများအောက်တွင် ပိတ်မိနေကြသည်။ လူလေးဦး၏အသက်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း နှစ်ဦးသည် ဆီးနှင်းပိ၍ သေဆုံးခဲ့သည်။

သေဆုံးသွားသူများသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို သတင်းတွင် မဖော်ပြခဲ့ပေ။ ဘိုတလ်ဒေသတွင် နှင်းထုပြိုကျမှု မကြာခဏ ဖြစ်ပွားတတ်ကြောင်း ဒေသဆိုင်ရာ အရေးပေါ်ဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်အရှေ့ပိုင်း၌ နှစ် ၁၇၀၀ခန့်က သင်္ချိုင်းဂူ တွေ့ရှိ

**နန်ကျင်း မတ် ၉**

တရုတ်ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေး ပညာရှင်များက သက်တမ်း နှစ် ၁၇၀၀ ခန့်ရှိ အရှေ့တိုင်း ချင်မင်းဆက်မှ ဂူသင်္ချိုင်းတစ်ခုကို တရုတ်နိုင်ငံ ကျန်ကျီပြည်နယ်တွင် တူးဖော်ရရှိခဲ့သည်။

အဆိုပါ ဂူသင်္ချိုင်းကို ကျန်ကျီပြည်နယ်၏မြို့တော် နန်ကျင်းရှိ မီးရထားဆောက်လုပ်ရေးလုပ်ငန်းခွင်မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဂူ၏ အခန်းသည် အလျား ၆ ဒသမ ၇ မီတာနှင့် အနံ ၁ ဒသမ ၇၅ မီတာရှိပြီး မြေအောက် အထိ ငါးမီတာအနက်ရှိသည်။ ယင်းအခန်းအတွင်းရှိ ခေါင်းတလား၏ အမြင့်မှာ သုညဒသမ ၅ မီတာရှိသည်။

**ပစ္စည်း၃၂မျိုးပါဝင်**

ခေါင်းတလားအတွင်းမှ ရုပ်လောင်းအတွင်းတွင် စင်တီမီတာ ၃၀ အထူရှိသည့် နုန်းမြေများ ဖို့လျက်ရှိသည်။ ခေါင်းတလားအတွင်းမှ ရရှိသည့် ပစ္စည်းများတွင် ကြေးမုန်တစ်ချပ်၊ ယွန်းအစ်တစ်ဘူး၊ ငွေဆံထိုးတစ်ခု၊ သစ်သားဘီးတစ်ချောင်း၊ ပုလဲများနှင့် ကြေးနီအကြွေစေ့များ စသည့် ပစ္စည်း ၃၂ မျိုးတို့ ပါဝင်သည်။

ဂူသင်္ချိုင်းအခန်းတစ်ဝိုက်တွင် မြေအိုးအလုံး ၂၀နှင့် ကြေးပစ္စည်းများကိုလည်း တူးဖော်တွေ့ရှိခဲ့သည်။ အဆိုပါ သင်္ချိုင်းမှ ယဉ်ကျေးမှုပစ္စည်း စုစုပေါင်း ၅၂ ခု တူးဖော်ရရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အင်ဒိုနီးရှား၌ သဲကျင်းပြိုကျ

**ဂျကာတာ မတ် ၉**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် သဲတူးရန် ခွင့်ပြုချက်မရသော နေရာ၌ သဲများတူးယူမှုကြောင့် သဲပြိုကျပြီး လူ၁၂ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားရဲအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့ ပြောကြားသည်။

အဆိုပါ တာဝန်ရှိသူ ဘမ်ဘင်ကန်ခိုကို၏ပြောကြားချက်အရ အင်္ဂါနေ့က စီတာတက်ခရိုင်တွင် သဲတူးသမားများ သဲတူးနေစဉ် ၎င်းတို့အပေါ်သို့ သဲများ ပြိုကျပြီး သေဆုံးခြင်းဖြစ်ကြောင်း၊ ယခုအခါ ဒေသဆိုင်ရာ အာဏာပိုင်များက အဆိုပါနေရာကို ပိတ်လိုက်ကြောင်း သိရသည်။

အဆိုပါ သဲကျင်း ပြိုကျခဲ့ခြင်းမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသို့မဟုတ် မတော်တဆဖြစ်ပွားမှု ဟုတ်၊ မဟုတ် ရဲအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




# အီရန်ကို အရေးယူမှု ထိရောက်မှုမရှိနိုင်ဟုဆို

**ကုလသမဂ္ဂ မတ် ၉**

ကုလသမဂ္ဂက အီရန်နိုင်ငံအပေါ် အရေးယူကန့်သတ်မှုများ ပြုလုပ်ခြင်းဖြင့် အီရန်၏ နျူကလီးယားရည်မှန်းချက်များနှင့်ပတ်သက်၍ ထိန်းချုပ်နိုင်စေရေးအတွက် အီရန်အပေါ် သက်ဝင်ယုံကြည်မှုရှိလာရန် ပြုလုပ်ရာတွင် ထိရောက်မှုမရှိနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဆာဂျီလက်ရော့ဗ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းသို့ ပြောကြားခြင်းဖြစ်ပြီး အီရန်အပေါ် စစ်ရေးအရ ဆုံးဖြတ်ချက်ချရန် ကိစ္စနှင့်စပ်လျဉ်း၍ ထည့်သွင်းပြောကြားခြင်းမရှိပေ။

အီရန်အကျပ်အတည်းနှင့် စပ်လျဉ်း၍ စစ်ရေးအရ ဆုံးဖြတ်ရန် မလိုအပ်ဟု မိမိတို့ သက်ဝင်ယုံကြည်ထားကြောင်း၊ ဗြိတိသျှနှင့် ဂျာမန်တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း ယင်းသဘောအတိုင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အကျပ်အတည်းတစ်ရပ်အပေါ် အရေးယူပိတ်ဆို့သည့်နည်းဖြင့် ဖြေရှင်းမှုသည် သမိုင်းတစ်လျှောက်တွင် ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ခဲ့သည်ဟု မိမိ မထင်မြင်မိကြောင်း ၎င်းက ပြောကြားသည်။

***အမ်အမ်အေ၊ရိုက်တာ။***



## ရိက္ခာချပေး

**ပါကစ္စတန် အုပ်ချုပ်သော ကက်ရှ်မီးယားဒေသရှိ မြေငလျင် ဒုက္ခသည်များအတွက် ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းပေါ်မှ ရိက္ခာများ ချပေးနေသည်ကို မတ် ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ကိုယ်အလေးချိန် ပေါင် ၁၀၀၀ကျော်ရှိသူ ခွဲစိတ်ကုသမှုဖြင့် ကိုယ်အလေးချိန်လျှော့ချ

ဆီးယပ်စ်ဖောလ်(တောင်ဒါကိုတာ) မတ် ၁၀

**အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်မှ ပက်ထရစ်ဒူယယ်သည် ကိုယ်အလေးချိန် ပေါင် ၁၀၀၀ကျော်ရှိပြီး ၎င်း၏ ကိုယ်ခန္ဓာအလယ်ပိုင်းရှိ အဆီပိုများ၊ အရေပြားနှင့် အသားပိုများကို ရှင်းလင်းဖယ်ရှားသည့် ခွဲစိတ်ကုသမှုကို ခံယူခဲ့ပြီးနောက် ၎င်း၏ ကိုယ်အလေး ချိန်မှာ ပေါင် ၄၀၀ အထိ လျော့ကျသွားကြောင်း ခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့သော ဆရာဝန်ကြီး ဗရက်ဒ်ဟဲရစ်က ကြာသပတေးနေ့တွင် ပြောကြားသည်။**

နိုင်ငံတကာသတင်းများ

ဒူယယ်၏ ကိုယ်ခန္ဓာအလယ်ပိုင်း၌ တွဲကျနေသော တစ်ရှူးပိုများကြောင့် ၎င်းမှာ အလွန်လေးလံလျက်ရှိပြီး လမ်းလျှောက်ရန် အခက်အခဲများရှိနေခဲ့သဖြင့် ခွဲစိတ်ကုသမှု ခံယူခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***





**အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် ချာပါလာဒေသတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည်ကို မတ် ၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

**ကိုယ်အလေးချိန် ပေါင် ၁၀၀၀ ကျော်ရှိသဖြင့် ကိုယ်ခန္ဓာအလယ်ပိုင်းမှ အဆီပိုများနှင့် အသားပိုများကို ဖယ်ရှားသည့် ခွဲစိတ်ကုသမှု ခံယူခဲ့သူ ဒူယယ်အား တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# အမေရိကန်၌ အိုးမဲ့အိမ်မဲ့ ၇၂၇၃၀၄ ဦးရှိ

**ပေကျင်း မတ် ၉**

အမေရိကန်ပြည်ထောင်စု တစ်ဝန်းတွင် လွန်ခဲ့သည့် နှစ်အတွင်း အိုးမဲ့အိမ်မဲ့ဖြစ်သူ ၇၂၇၃၀၄ ဦးရှိခဲ့ရာ အမေရိကန်လူမျိုး ၄၀၀ တွင် လူတစ်ဦးမှာ အိမ်ခြေရာခြေမရှိသူ ဖြစ်ကြောင်း တရုတ် နိုင်ငံတော်ကောင်စီသတင်းပြန်ကြားရေးက ကြာသပတေးနေ့တွင် ထုတ်ပြန်သည့် ၂၀၀၅ ခုနှစ် အမေရိကန် လူ့အခွင့်အရေးမှတ်တမ်းအရ သိရှိရသည်။

ယင်းကိန်းဂဏန်းများကို ၂၀၀၅ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ခဲ့သည့် သည်ယူအက်စ်အေတူဒေး အစီရင်ခံစာမှ ရရှိခဲ့ခြင်းဖြစ်သည်။

လော့စ်အိန်ဂျလိစ်မြို့ အိမ်ခြေရာခြေမရှိသူ ၃၅၀၀၀ ရှိပြီး အမေရိကန်ပြည်ထောင်စုတွင် အိမ်ခြေရာခြေမရှိသူများ နေထိုင်ရာမြို့တော်အဖြစ် ရောက်ရှိလာပြီဖြစ်သည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာကိုကိုးကား၍ အထက်ပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုကို ကမ္ဘာတွင် ချမ်းသာကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံဟု သတ်မှတ်နေကြသော်လည်း ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဆင်းရဲမွဲတေမှုနှုန်းထားအများဆုံးရှိသည့် နိုင်ငံဖြစ်သည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အခြားတစ်ဖက်တွင် မကြာမီနှစ်များအတွင်း ချမ်းသာကြွယ်ဝသူများဦးရေသည် ဆက်လက်မြင့်မားနေလျက်ရှိကြောင်း အစီရင်ခံစာအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဩစတြီးယား နှင်းလျှောစီး အပန်းဖြေစခန်း၌ ဆီးနှင်းပြိုကျမှုဖြစ်ပွား

**ဗီယင်နာ မတ် ၉**

ဩစတြီးယားနိုင်ငံ အလယ်ပိုင်း နှင်းလျှောစီး အပန်းဖြေစခန်း၌ မတ် ၈ရက်က ဆီးနှင်းပြိုကျမှု ဖြစ်ပွားခဲ့ရာ နှင်းလျှောစီးသူ နှစ်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ နှစ်ဦးရှိကြောင်း ကယ်ဆယ်ရေးဌာနက ပြောကြားခဲ့သည်။

စတိုင်ရီးယားပြည်နယ် ဗီယင်နာမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ ပရာဘီချာလ်အပန်းဖြေစခန်း၌ ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့သည်။

သေဆုံးသူ နှစ်ဦးကို တွေ့ရှိရပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းအရေးပေါ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ၎င်းတို့သည်မည်သည့် နိုင်ငံသားများဖြစ်သည်ကို ဖော်ပြခြင်းမရှိပေ။ ***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်တွင် ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ဘဂ္ဂဒက် မတ် ၉**

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် လှည့်ကင်းယာဉ် တစ်စီးအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းအမေရိကန် စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် အမှတ်(၁) အမေရိကန် သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်များဖြစ်ကြပြီး မိုဆူးလ်မြို့တွင် ကင်းလှည့်ရာ မော်တော်ယာဉ်အနီး လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု အထက်ပါ စစ်ဘက်က ကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းတပ်ဖွဲ့ဝင်သေဆုံးကြောင်း ၎င်း၏ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေစဉ်ဖြစ်၍ ၎င်း၏နာမည်ကို ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။

အမေရိကန်တပ်ဖွဲ့ဝင်များ ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ဝင်ရောက် တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ဖော်ပြပါ တပ်ဖွဲ့ဝင်နှင့်ဆိုပါက ၂၃၀၀ ပြည့်သွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်တစ်စီးအား အီရတ်ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို မတ် ၈ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*



**တူရကီနိုင်ငံအရှေ့ပိုင်း ဗန်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို မတ် ၉ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# ဗင်နီဇွဲလားအစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများက အမေရိကန်၏မူဝါဒကို ဆန့်ကျင်ဆန္ဒပြ

**ကာရာကတ်စ် မတ် ၉**

ဗင်နီဇွဲလားအစိုးရနှင့် လူမှုရေးအသင်းအဖွဲ့များက ရက်သတ္တတစ်ပတ်ကြာ ညီလာခံနှင့် ဆန္ဒပြပွဲကို အင်္ဂါနေ့မှ စတင်ကျင်းပပြီး အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း တိုက်ခိုက်နေသည့် စစ်ပွဲနှင့် အခြားနိုင်ငံများအပေါ် ရန်လိုသည့် လုပ်ရပ်များကို ကန့်ကွက်ဆန္ဒပြကြကြောင်း နိုင်ငံပိုင်သတင်းဌာနက ပြောကြားသည်။

အဆိုတော်လည်းဖြစ် သီချင်းရေးသူလည်းဖြစ်သည့် အီလင်နာဂျိုလ်လည်း ယင်းဆန္ဒပြပွဲတွင် ပါဝင်သည်။

ကြာသပတေးနေ့တွင် ဆန္ဒပြသူ အမျိုးသမီးများက အမေရိကန်သံရုံးအပြင်ဘက်တွင် အီရတ်စစ်ပွဲအပေါ် မကျေနပ်၍ ဆန္ဒပြရန်ချီတက်ကြမည်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရန် တောင်းဆိုကြမည်ဖြစ်သည်။

အီရတ်စစ်ပွဲဖြစ်ပွားခြင်းကြောင့် အမေရိကန်မှ စစ်လက်နက်များ ထုတ်လုပ်သူများအတွက်သာ အကျိုးဖြစ်ထွန်းကြောင်း ဗင်နီဇွဲလားဥပဒေပြုကော်မတီက ပြောကြားသည်။

အမေရိကန်အစိုးရက အမျိုးသားရေးအမြင်အကြောင်းပြ အမြတ်ထုတ်ပြီး အီရတ်သို့ အတင်းအဓမ္မစေလွှတ်ခြင်းခံနေသည့် အမေရိကန်ပြည်သူတို့အပေါ် ထောက်ခံကြောင်း၊ အမေရိကန်ပြည်သူများ၏ ကလေးငယ်များမှာ အမေရိကန်အစိုးရ၏ စီးပွားရေး အကျိုးအမြတ်အတွက် အသက်သွေးစတေးခံနေရကြောင်း စသည်ဖြင့် မြောက်အမေရိကဒေသဆိုင်ရာ ဒုတိယဝန်ကြီး မရီပီလီဟာနန်ဒက်ဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ထိန်းသိမ်းစောင့်ရှောက်ကြပါ မြန်မာ့ယဉ်ကျေးမှုအနုပညာ

နှံ့နှံ့ကြည်
(သတင်းစဥ်)

ရန်ကုန် ပန်းချီ ပန်းပုကျောင်းများကို ၁၉၅၂ခုနှစ်တွင် လည်းကောင်း၊ မန္တလေး ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်းကို ၁၉၅၃ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်းများသည် မြန်မာ့ရိုးရာ သုခုမ အနုပညာရပ်များ တိုးတက်ပြန့်ပွားလာစေရန်နှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် အဆိုပါကျောင်းများကို ဖွင့်လှစ်ထားရှိပြီး နှစ်စဉ် မျိုးဆက်သစ် အနုပညာရှင် များကို မွေးထုတ်ပေးလျက်ရှိသည်။

၎င်းကျောင်းများမှ နိုင်ငံကျော် အနုပညာရှင် များ များစွာ ပေါ်ထွက်ခဲ့သည်။ မြန်မာ့သုခုမ အနု ပညာနှင့် ပန်းချီ၊ ပန်းပုပညာရပ်များ လက်ဆင့်ကမ်း အမွေအဖြစ် ဆက်လက်ဖြန့်ဝေရန် နှစ်စဉ် ကျောင်းသား သစ်များ ခေါ်ယူသင်ကြားပေးလျက်ရှိသည်။

ပန်းချီ၊ ပန်းပုပညာတို့ကို အခြေခံမှစ၍ ပိုင်ပိုင်နိုင်နိုင် သင်ကြားခွင့်ရရှိ ကြသည့်အတွက် သင်တန်းဆင်းပြီး ပါက မိမိဌာနတွင်ပင် အလုပ်အကိုင်များ ပြန်လည် ရရှိနိုင်သည်။ သင်တန်းဆင်းပွဲ၌ သင်တန်းဆင်း လက်မှတ်နှင့်အတူ ခန့်အပ်လွှာပါ တစ်ပါတည်း ချီးမြှင့်သည်။ ပြင်ပတွင်လည်း မိမိဘာသာ အသက်မွေး ဝမ်းကျောင်းမှု ပြုနိုင်သည်။ အထက်တန်းပညာများ ဆက်လက် ဆည်းပူးနိုင်၍ အောင်မြင်ပြီးပါကလည်း ယဉ်ကျေးမှုတက္ကသိုလ်တွင် ဆက်လက် ပညာ ဆည်းပူးခွင့် ပြုထားပါသည်။ သင်တန်းဝင်ခွင့် လျှောက်လွှာများကို နှစ်စဉ် မေလ၃၁ရက် နောက်ဆုံး ထား၍ လျှောက်ထားနိုင်ပြီး အနုပညာဦးစီးဌာန (ရန်ကုန်)၊ (မန္တလေး)တို့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများတွင် စုံစမ်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ အနယ်နယ် အရပ်ရပ်မှ ဝါသနာရှင် ရွက်ပုန်းသီး မျိုးဆက်သစ် အနုပညာရှင်များအတွက် အခွင့်အရေးကောင်းပင် ဖြစ်ပေသည်။



**မတ် ၁ ရက်က ရန်ကုန်မြို့ မြို့မကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ပန်တျာကျောင်း (ရန်ကုန်)နှင့် ပန်းချီ၊ပန်းပုကျောင်း(ရန်ကုန်)တို့၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း ကျောင်းသူများ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။**

ဓာတ်ပုံ-သောင်းမြင့် (သတင်းစဉ်)

ယဉ်ကျေးမှုဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ ပညာရှင်အသီးသီးက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြ သည်။ ခြုံငုံစုစည်းလိုက်သော် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ယင်းလူမျိုးတို့၏ မွေးဖွားချိန်မှ သေဆုံးချိန်အထိ သုံးစွဲခဲ့သော အသုံးအဆောင်၊ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ အသက်မွေးဝမ်း ကျောင်းမှု၊ လူမှုဆက်ဆံရေးစနစ်၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးစံ၊ ဓလေ့စရိုက်၊ လက်မှုအနုပညာနှင့် သုခုမအနုပညာတို့ ပေါင်းစပ်ဖွဲ့စည်းပါဝင်ထားခြင်း ဖြစ်သည်ဟု လေ့လာသိရှိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသားမျိုးနွယ်များ စုပေါင်း နေထိုင်လျက်ရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ၊ သုခုမ အနုပညာရပ်များနှင့် ပြည့်စုံထုံမွမ်းနေသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ကမ္ဘာကပင် တလေးတစား လာရောက်ကြည့်ရှုလေ့လာ ခံစားလျက်ရှိပါသည်။

ယဉ်ကျေးမှုသည် နိုင်ငံနှင့်လူမျိုး၏ မျက်နှာစာ ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် ဂလိုဘယ်လိုက် ဇေးရှင်း(ခေါ်) တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်မှု ကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွယ်ကူစွာ ကူးလူး ဆက်သွယ် နေသည်နှင့်အမျှ ယဉ်ကျေးမှုများသည် လည်း ရောနှောပေါင်းစပ် ထွေးရောယှက်တင် ဝင်ရောက်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ယဉ်ကျေးမှု ခေတ်ရေစီးကြောင်းသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲစီးဆင်းလျက် ရှိနေပေသည်။ **မြန်မာနိုင်ငံသည် မိမိတို့၏ ယဉ်ကျေးမှုအနုပညာရပ် များကို ခေတ်ရေစီးကြောင်းသို့ မျောပါမသွားအောင် ထိန်းသိမ်းထားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။**

နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည် ချက်လေးရပ်တွင်ပါဝင်သော **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး"** ဟူသော ဦးတည်ချက်ကို နိုင်ငံသား တိုင်းက လိုက်နာစေရန် ယဉ်ကျေးမှုဝန်ကြီးဌာနက တစိုက်မတ်မတ် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းဆောင်ရွက်ချက်များ တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေး အတွက် သင်ကြားပြုစုပျိုးထောင်ပေးနေခြင်းသည် လည်း တစ်ခုအပါအဝင်ဖြစ်သည်။ **မျိုးဆက်သစ် အနုပညာရှင်များကလည်း မြန်မာ့ယဉ်ကျေးမှု အနု ပညာကို အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်၍ ကမ္ဘာအနှံ့ပျံ့နှံ့စေရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့မြင် ရသဖြင့် ချီးကျူးမှတ်တမ်းတင်ပြီး** ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**မတ် ၁ ရက်က ရန်ကုန်မြို့ မြို့မကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ပန်တျာကျောင်း (ရန်ကုန်)နှင့် ပန်းချီ၊ပန်းပုကျောင်း(ရန်ကုန်)တို့၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန် ပန်းချီပန်းပု ရုပ်ပုံကားချပ်များ။**

ဓာတ်ပုံ-သောင်းမြင့် (သတင်းစဉ်)

ပန်တျာကျောင်းများတွင် အမျိုးသား၊ အမျိုးသမီး အကသင်တန်း၊ စောင်းသင်တန်း၊ စန္ဒရားသင်တန်း၊ ပတ္တလားသင်တန်း၊ တယောသင်တန်း၊ ဆိုင်းသင်တန်း၊ နှဲသင်တန်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချ ပေးကြသည်။ ပန်းချီ၊ ပန်းပုကျောင်းများတွင် အခြေခံ ပန်းချီ၊ ရသပန်းချီ(အနုစိတ်ပန်းချီ)၊ စီးပွားရေးပန်းချီ (လုပ်ငန်းသုံးပန်းချီ)၊ မြန်မာ့ရိုးရာပန်းချီ၊ အခြေခံ ပန်းပုပညာရပ်များ၊ လူနှင့်တိရစ္ဆာန်ရုပ်လုံးရုပ်တုနှင့် မြန်မာ့ရိုးရာ ပန်းကနုတ်စသည့် ပညာရပ်များကို သင်ကြားပို့ချပေးကြသည်။

ထိုသင်တန်းကျောင်းများ၌ အလယ်တန်းပညာ အဆင့် အဋ္ဌမတန်းအောင်မြင်ပြီး အသက် ၁၄နှစ် ပြည့်နှင့် ၂၀ အတွင်းရှိသည့် လူငယ်မျိုးဆက်သစ် ဝါသနာရှင်များ တက်ရောက် နိုင်ကြသည်။ နယ်မှ ကျောင်းတက်သူများအတွက်ပါ စီစဉ်ပေးသည်။ သင်တန်းကာလ သုံးနှစ်အတွင်း သုခုမအနုပညာနှင့်

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင် ယဉ်ကျေးမှုများ ရှိကြသည်။ မိမိတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုကို တလေးတစား တန်ဖိုးထားကြသည်။ ကာလကြာရှည်စွာ ထိန်းသိမ်းကြသည်။ နောင်လာ နောက်သား မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်း အမွေပေးကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသား မျိုးနွယ်များ စုပေါင်း နေထိုင်လျက်ရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ၊ သုခုမ အနုပညာရပ်များနှင့် ပြည့်စုံထုံမွမ်းနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ကမ္ဘာကပင် တလေးတစား လာရောက်ကြည့်ရှုလေ့လာ ခံစားလျက်ရှိပါသည်။



**ပုသိမ်မြို့ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း (ပုဂံကျောင်း) ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် သင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန်က ကျောင်းသူတစ်ဦးအား လက်မှတ်ချီးမြှင့်စဉ်။**

(ပညာရေး)

## ကျောက်စိမ်းတွင်းဓမ္မာရုံ ဂုဏပူဇာသဘင်

**ရန်ကုန် မတ် ၁၀**

အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မြစ်ကြီးနား မြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် မဟာပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ ဆရာတော်ကြီးအား အမှူးထား လျက် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော သံဃာတော်ကိုးပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦးတို့အား မတ် ၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီခွဲတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် ကချင်ပြည်နယ် ကျောက်စိမ်းတွင်းဓမ္မာရုံကြီးတွင် မြစ်ကြီးနား၊ ဖားကန့်၊ မိုးကောင်း အသင်း(ရန်ကုန်)တို့မှ ဦးစီး၍ ဂုဏပူဇာသဘင်ဆင်ယင် ကျင်းပမည်ဖြစ်၍ ကြည်ညိုသဒ္ဓါပွားလိုသူ ပုဂ္ဂိုလ်များ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားသည်။ လှူဖွယ်ပစ္စည်းများ ကြိုတင်လှူဒါန်းလိုပါက ကျောက်စိမ်း တွင်းဓမ္မာရုံတွင်လည်းကောင်း၊ ဦးအုန်းရွှေ(မြစ်ကြီးနားအသင်း) ဖုန်း-၆၈၀၇၁၉၊ ၆၈၀၇၆၃၊ ဦးစိန်မောင်(ဖားကန့်အသင်း) ဖုန်း-၅၄၃၃၀၄၊ ၀၉-၅၁-၀၆၉၀၇၊ ဦးမောင်ကြီး(မိုးကောင်းအသင်း) ဖုန်း-၂၄၃၄၈၂၊ ၀၉-၉၉-၂၃၁၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ၏ ၂၀၀၅-၂၀၀၆ခုနှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၉ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ စတုတ္ထတန်း ကျောင်းသူ မပန်းပွင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင် သင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။**

(၃၂)

# ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား မလေးရှား သံအမတ်ကြီးတွေ့ဆုံ

**ရန်ကုန်   မတ်   ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Shaharuddin Bin Md. Som သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ယုဇနဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)





**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဖတ်စာအုပ်များ မတ်လကုန်တွင်ရာနှုန်းပြည့်ပြီးစီးအောင် ရိုက်နှိပ် ကျောင်းဖွင့်ရက်အမီ ကျောင်းသားများလက်ထဲ ဖြန့်ဝေရောက်ရှိရေး စီမံဆောင်ရွက်

ရန်ကုန်   မတ်   ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဂျီတီစီ ပုံနှိပ်စက်ရုံသို့ရောက်ရှိရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်) ဦးကျော်သူ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ရှေးဦးစွာ ဝန်ကြီးအား စက်ရုံဧည့်ခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများက ပုံနှိပ်စက်များ အခြေအနေ၊ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ဝန်ကြီးက မှာကြားရာတွင် ကျောင်းသုံးဖတ်စာအုပ်များ မတ်လအကုန်တွင် ရာနှုန်းပြည့် ပြီးစီးအောင် ရိုက်နှိပ်၍ ကျောင်းဖွင့်ရက်အမီ ကျောင်းသားများ၏ လက်ထဲ ဖြန့်ဝေရောက်ရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း စီမံဆောင်ရွက်ရန်၊ ပုံနှိပ်စက်များ ပုံမှန်စက်ကြွခိုင်ရေး ပြုလုပ်ရာတွင် စက်တစ်ခုလုံးဖြုတ်၍ အသေးစိတ်စစ်ဆေးဆောင်ရွက်ရန်နှင့် အရေးပေါ်လိုအပ်နိုင်မည့် စက်အပို ပစ္စည်းများကို အရန်သင့်ရှိရေး ကြိုတင်စီစဉ်ထားရှိရန်၊ ပြည်တွင်း စက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်ပေးနိုင်မည့် ပုံနှိပ်စက်သုံး အပိုပစ္စည်းများ လုံလုံလောက်လောက် အရန်သင့်ထားရှိနိုင်ရေး အတွက်လည်း လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ ကြိုတင်အပ်နှံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက စက်ရုံလုံခြုံရေးနှင့် ပတ်သက်၍ အဝင်အထွက်ဂိတ်များ၊စက်ရုံအတွင်း၊ အပြင်၊ ဝန်ထမ်း အိမ်ရာများတွင် ဆောင်ရွက်ထားရှိသည့်လုံခြုံရေးစနစ်များဟာကွက်မရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ စက်ရုံများနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ စနစ်တကျ ပြုလုပ်ထားရှိရေးတို့ကို အသေးစိတ်မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ဂျီတီစီပုံနှိပ်စက်ရုံအတွင်းပုံနှိပ်လုပ်ငန်း ဆောင်ရွက်နေမှု၊ စက်ကြွခိုင်ရေးစစ်ဆေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စာပေဗိမာန်ပုံနှိပ်စက်နှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့သို့ သွားရောက်၍ ကျောင်းသုံးစာအုပ်နှင့် အခြားပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက် ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

## ကြေးမုံ အင်တာနက် သတင်းများ



**တရုတ်နိုင်ငံဟန်ကျိုးပင်လယ်အော်တွင် တည်ဆောက်နေဆဲဖြစ်သော ပင်လယ်ကူးတံတားစီမံကိန်းလုပ်ငန်းခွင်တွင် သတင်းမှတ်တမ်းရိုက်ကူးနေသော ရုပ်မြင်သံကြားသတင်းထောက်တစ်ဦးအားတွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# ဟန်ကျိုးပင်လယ်အော်တွင် တံတားတည်ဆောက် ကမ္ဘာ့ အရှည်ဆုံး ပင်လယ်ကူးတံတားဖြစ်လာမည်

**နင်ဘို(စီကျန်း)   မတ်   ၁၀**

တရုတ်နိုင်ငံတွင် ကမ္ဘာပေါ်၌ အရှည်ဆုံးတံတားတစ်စင်းကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်း ထက်ဝက်ကျော်ပြီးစီးပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေး အထက်တန်းတာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ စီကျန်းပြည်နယ်နှင့် ရှန်ဟိုင်းမြူနီစီပါယ်အုပ်ချုပ်ရေးဒေသတို့၏ နယ်ခြားဒေသတွင်တည်ရှိသော ဟန်ကျိုးပင်လယ်အော်တွင် ပင်လယ်ကူးတံတားကို တည်ဆောက်လျက်ရှိသည်။ အရှေ့တရုတ် ပင်လယ်၏ ထွက်ပေါက်တစ်ခုဖြစ်သော ဟန်ကျိုးပင်လယ်အော်တွင် တည်ဆောက်နေဆဲ ပင်လယ်ကူးတံတားသည် တရုတ်နိုင်ငံ၌ ဆောင်ရွက်ခဲ့ဖူးသမျှ အခြေခံအဆောက်အအုံလုပ်ငန်း စီမံကိန်းများအနက် အကျယ်ဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။

ယန်စီမြစ်၏ မြစ်ဝတွင် ကျရောက်လေ့ရှိသော တိုင်ဖုန်းမုန်တိုင်းဘေးဒဏ်မှ ခံနိုင်ရည်ရှိသည့် တံတားတစ်စင်းအဖြစ် တည်ဆောက်ရခြင်းဖြစ်ပြီး ယင်းတံတားသည် ကမ္ဘာပေါ်တွင် တည်ဆောက်သည့် ပင်လယ်ကူးတံတားများအနက် အရှည်လျားဆုံးဖြစ်မည်ဖြစ်ကြောင်း ဟန်ကျိုးပင်လယ်အော်တံတားတည်ဆောက်ရေး စီမံကိန်းဒုတိယအကြီးအကဲ ကျင်ကျန်မင်းကပြောကြားသည်။

တံတားတည်ဆောက်ပြီးစီးသည့်အခါ စီကျန်းပြည်နယ်ရှိ နင်ဘိုမြို့နှင့် ရှန်ဟိုင်းမြို့တို့အကြား ကူးလူးသွားလာရာတွင် ခရီးတာကို ကီလိုမီတာ ၁၂၀ အထိ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ပင်လယ်ကူးတံတားတည်ဆောက်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပေးနိုင်ကြောင်း၊ နင်ဘိုမြို့၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ကျင်ကျန်မင်းက ပြောကြားသည်။

မော်တော်ကားလမ်း ခြောက်လမ်းပါရှိမည့်အဆိုပါ တံတားပေါ်တွင် ရှုမျှော်ခင်းကြည့်ရှုရန် နေရာများ၊ စားသောက်ဆိုင်များနှင့် ဟိုတယ်များကိုပါ တည်ဆောက်ထားမည်ဖြစ်သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် အကုန်အကျခံကာ တည်ဆောက်လျက်ရှိသော ဟန်ကျိုး ပင်လယ်အော်တံတားအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း ခွင့်ပြုပေးခဲ့သည်။ တံတားတည်ဆောက်ရေး စီမံကိန်းကို ၂၀၀၃ခုနှစ်တွင် စတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးမှ ကျွမ်းကျင်သူပညာရှင် ၇၀၀ကျော်၏ အကူအညီကိုရယူကာ စီမံကိန်းလုပ်ငန်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။

***အင်တာနက်။***

# ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၁)ထုတ်ဝေ

**ရန်ကုန်  မတ်  ၁၀**

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါဂျာနယ်တွင် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပသည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊ ညွန့်ဟန်(ကြူတော)၊ အောင်ချိန်ဘွား၊ ကြည်လင်း(ဆေး)၊ မောင်ခိုင်ကျော်(ကျောက်ဆည်)၊ ဇေယျာသန်းလွင်၊ မောင်မောင်ဟန်(မကွေး)၊ အေးဝေ (သရက်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ သိပ္ပံစိုးမြင့်နိုင်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ရန်ကင်းမောင် တို့၏မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ကေတုနီလာ၊ ဦးထွန်းထွန်းဦး(ရန်ကုန်မြောက်ပိုင်းခရိုင်)တို့၏ ကဗျာ၊ မောင်မီဒီယာ၏ ရုပ်ဝေးမြေခြားဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

# ကျိုက်ထိုမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

**ရန်ကုန်   မတ်   ၁၀**

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်ပွဲ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ရက် (တနင်္ဂနွေ)နေ့ နံနက်၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြို့တော်စည်ပင်ခမ်းမရုံတွင် ကျင်းပမည်ဖြစ်၍ အသေးစိတ်သိလိုသူများနှင့် လှူဒါန်းလိုသူများသည် ဦးကျင်ဖေ ဖုန်း–၅၅၇၇၀၄၊ ဦးပြုံး ဖုန်း–၂၄၆၅၃၀၊ ဦးသိန်းညွန့် ဖုန်း–၅၄၂၈၅၄၊ ဒေါ်မျိုးမြင့်စော ဖုန်း–၂၉၁၅၇၃နှင့် ဒေါ်နွဲ့ရီ ဖုန်း–၆၆၃၆၂၇ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

**အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရပ်ကွက်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀၀ စိုက်ပျိုးရန်အတွက် မတ် ၈ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးစောချစ်ထွေးနှင့် အဖွဲ့ဝင်များက အိမ်ထောင်စုများသို့ ခြံစည်းရိုးကြက်ဆူပင်များ ဖြန့်ဝေပေးစဉ်။**

(၆၁)

# ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

**ရန်ကုန်   မတ်   ၁၀**

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ဝိသိဋ္ဌ ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၈ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။



အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီးလေးပါးအား ဂုဏ်ဝိသိဋ္ဌ ပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့် ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်သည်။ အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ရန်ကုန်တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ အိန္ဒိယသမ္မတနိုင်ငံ၏ တက္ကသိုလ်၊ ကောလိပ်များ ပညာသင်ကြားမှုနှင့် သုတေသနအတွေ့အကြုံများ ရှင်းလင်းဟောပြော

ရန်ကုန် မတ် ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Bhaskar Kumar Mitra **နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမသို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။**

### ကြိုဆိုနှုတ်ဆက်

ထို့အပြင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်း၍ ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်း

ဒေါက်တာထွန်းခင်က ရန်ကုန်တက္ကသိုလ် သမိုင်းအကျဉ်းချုပ်၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားမှု အစီအစဉ်များကိုလည်းကောင်း ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ရန်ကုန်တက္ကသိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံရှိ ကာလကတ္တား

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပညာရေးဆိုင်ရာ အချက်အလက်စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။** (သတင်းစဉ်)







တက္ကသိုလ်တို့သည် ရှေးယခင်ကတည်းက ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ၏ တက္ကသိုလ်၊ ကောလိပ်များ၏ ပညာရေးနှင့် သင်ကြားမှု အခြေအနေ၊ ဒစ်ဂျစ်တယ် စာကြည့်တိုက် (Digital Library) ထားရှိမှု၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများကိုလည်း လုပ်ငန်းခွင်နှင့်ကိုက်ညီသော သင်ကြားရေး နည်းစနစ်များဖြင့် ပညာသင်ကြားမှု အခြေအနေနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကိုအကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများက သိလိုသည်

### ဆွေးနွေးပြောကြား

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ် ကောလိပ်များမှ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက် ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများ၊ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ပညာရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများ၊ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အိန္ဒိယ တက္ကသိုလ်များ၏ ပညာရေးဆိုင်ရာ ဆောင်ရွက်မှု၊ သုတေသနလုပ်ဆောင်ချက်များ၊ ITအသုံးပြုမှု၊ စံပြပုဂ္ဂိုလ်များဖြစ်အောင် လမ်းကြောင်းဖော်မှု၊

သမ္မတနိုင်ငံ သမ္မတကြီးက ပြန်လည်ဖြေကြားသည်။

### လက်ခံ

ယင်းနောက် ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ပညာရပ်ဆိုင်ရာ စာအုပ်

ဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စိန်ရတုခန်းမ ဒုတိယထပ်ရှိ နီးနှောဖလှယ်ပွဲခန်းမ၌ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြန်မာနိုင်ငံပညာရေးကဏ္ဍတိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်

**ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ပညာရပ်ဆိုင်ရာ စာအုပ်များကို ရန်ကုန် တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာထွန်းခင်ထံ ပေးအပ်စဉ်။** (သတင်းစဉ်)





များကို ဆွေးနွေး မေးမြန်းကြရာ ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပညာရေးဆိုင်ရာ အချက်အလက်စာအုပ်ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ကောလိပ်များမှပါမောက္ခ/

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

Life Long Learning၊ e-Learning၊ Tele-Education၊ Digital Library များ ဆောင်ရွက်နေမှုနှင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၏ ပညာသင်ကြားမှုများနှင့် ပတ်သက်၍ ဆက်စပ်ဆောင်ရွက်မှုများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ကျောင်းသား၊ ကျောင်းသူများက သိလိုသည့် ပညာရပ်ဆိုင်ရာများကို ဆွေးနွေးမေးမြန်းကြရာ ဒုတိယသမ္မတအိန္ဒိယ

များကိုပေးအပ်ရာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ရန်ကုန်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ရန်ကုန်တက္ကသိုလ် ဓာတ်ပုံကို အမှတ်တရ လက်ဆောင်အဖြစ် ဂါရဝပြု ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးသည် ရန်ကုန်တက္ကသိုလ် ဒုတိယသမ္မတ မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ နံနက် ၁၁နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

● **ပဲခူးတိုင်းမှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင် နွေစပါးစိုက်ကွင်းသို့ ရောက်ရှိပြီး စိုက်ကွင်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက လျှပ်စစ်မြစ်ရေတင် စနစ်ဖြင့် ကျေးရွာအုပ်စုအတွင်း ၂၀၀၅–၂၀၀၆ခုနှစ် စိုက်ပျိုးရာသီ တတိယသီးနှံအဖြစ် နွေစပါး လျာထားချက်ဧက ၈၀၀ အနက် ဧက ၃၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များ၊ တစ်နှစ်သုံးသီးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နွေစပါး လျာထားစိုက်ဧကများ သတ်မှတ်ချိန်အတွင်း အပြီးသတ်စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စိုက်ကွင်းအတွင်း နွေစပါး စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**မှာကြား**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ငူ–ထန်းတပင် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲ/ယာတစ်လျှောက် အောင်မြင်ဖြစ်ထွန်း လျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နေကြာကို သီးညှပ်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စုရှိ နွေစပါး ဧက ၅၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**လျှပ်စစ်မြစ်ရေတင်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ဝတီးကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဝတီးလျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ ရောက်ရှိသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိုက်ပျိုးရေ အလေအလွင့်မရှိအောင် စနစ်တကျဖြန့်ဝေပေးရေး၊ ရေယူအဆောက်အအုံ ဆောက်လုပ်ရေးမှာကြားကာ လုပ်ငန်းခွင်အတွင်း မြင်းကောင်ရေ ၂၅ ကောင်အားရှိ မော်တာရှစ်လုံး ၃၁၅ KVA နှင့် ၃၀၀ KVA ထရန်စဖော်မာ နှစ်လုံးဖြင့် စစ်တောင်းမြစ်ရေကို လျှပ်စစ်မြစ်ရေတင် စနစ်ဖြင့် ပင်မမြောင်းမှတစ်ဆင့် စိုက်ပျိုးရေ ပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်း(အရှေ့ပိုင်း)တွင် ၂၀၀၅–၂၀၀၆ ခုနှစ်၌ နွေစပါးလျာထား ၁၄၂၈၅၀ ဧက အနက် ၁၆၃၀၄၅ ဧကစိုက်ပျိုးနိုင်ခဲ့သဖြင့် ၁၁၄ ဒသမ ၁၄ ရာခိုင်နှုန်းကျော်လွန် စိုက်ပျိုးပြီးစီးခဲ့သည်။

**ပျိုးထောင်ပေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် တောင်ငူမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုး ကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က ကြက်ဆူပင်အကိုင်းဖြတ် ပြုပြင်ပေးပုံအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်ဝင်းအတွင်း ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်း ၂၀၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပျိုးခင်းအတွင်း ပေါင်းရှင်းခြင်း ပြုစုဆောင်ရွက်နေမှု တို့ကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**သာသနာရေးဆိုင်ရာလျှောက်ထား**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စုရှိ ဇီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ သက်တော် (၉၇)နှစ်ရှိ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

(သတင်းစဉ်)

✻ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

ပါဝင်၍ အလှူရှင် ဦးစကြီး–ဒေါ်တင်တို့က ငွေကျပ်သိန်း ၁၂၀၀ ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အထွေထွေရောဂါကု ဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပသော လူနာကုသဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

**ပေးအပ်လှူဒါန်းကြ**

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး လူနာကုသဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀ကို မန္တလေးမြို့ ၇၉ လမ်း၊ ၂၈ x ၂၉ လမ်း အမှတ်(၈၈)နေ ဒေါ်စန်းစန်း၊ ဦးမောင်မောင်ဆွေ၊ ဒေါ်ခင်ရီ၊ ဒေါ်ခင်စီညွန့် မောင်နှမတစ်စုတို့က ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးပြည်သူ့ဆေးရုံကြီး ဘက်စုံပြင်ဆင်မွမ်းမံထားရှိမှုနှင့်လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

# မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာ စာကြည့်တိုက် မူလတန်းလွန်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းသစ် ဆောက်လုပ်လှူဒါန်းမှု ရေစက်ချပွဲကျင်းပ

ရန်ကုန် မတ် ၁၀

**မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာအတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ မိုးကုတ်မြို့မှ တစ်ဦးတည်းအလှူရှင် ဦးတူးမောင်–ဒေါ်ထားထားအေး မိသားစုတို့က ကျေးရွာစာကြည့်တိုက်၊ မူလတန်းလွန်ကျောင်း ဖွင့်ပွဲနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာပွဲကို မတ် ၅ ရက် နံနက်ပိုင်းတွင် ထန်းပင်ကန်ကျေးရွာ၌ ကျင်းပသည်။**

ရှေးဦးစွာ ထန်းပင်ကန်ကျေးရွာအတွက် အလှူရှင် ဦးတူးမောင်နှင့် ဒေါ်ထားထားအေး မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ကျပ် ၄၅ သိန်းတန် အောင်မင်္ဂလာစာကြည့်တိုက်ကို မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မိတ္ထီလာခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူက အောင်မင်္ဂလာစာကြည့်တိုက်အတွက် သုတရသစာအုပ်မျိုးစုံ ၂၀၀ ကို ကျေးရွာဥက္ကဋ္ဌ ဦးပြုံးထံသို့ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အလှူရှင် ဒေါ်ထားထားအေးက မလှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေကျပ်ငါးသိန်းကို မလှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းထံသို့ ပေးအပ်လှူဒါန်းပြီး အလှူရှင် ဦးတူးမောင်က စာကြည့်တိုက်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားစက်တစ်လုံးနှင့် ပရိဘောဂများကို ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းမောင်ထံသို့ ပေးအပ်လှူဒါန်းသည်။ စာကြည့်တိုက် ဖွင့်ပွဲအပြီးတွင် နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဆောက်လုပ်လှူဒါန်း**

ဆက်လက်၍ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် အလှူရှင် ဦးတူးမောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် အလှူရှင် ဦးတူးမောင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မလှိုင်မြို့နယ် ပညာရေးမှူး ဦးဗိုလ်လှိုင်ထံသို့ ပေးအပ်လှူဒါန်းသည်။

အဆိုပါ မူလတန်းလွန်ကျောင်းမှာ အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုးနံကပ် ကျောင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၁၅၀ တက်ရောက် ပညာသင်ကြားနိုင်သည်။ ကျောင်းဆောင်သစ်ကို အလှူရှင် ဦးတူးမောင်က ကျပ် ၄၅သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် အလှူရှင် ဦးတူးမောင် မိသားစု ဆောက်လုပ်လှူဒါန်းသည့် အောင်မြင်ရတနာ ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးလွင်နှင့် အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးချုပ် ခင်မောင်တင်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းရေစက်ချ မင်္ဂလာအခမ်းအနားကို နှစ်ထပ်ကျောင်းဆောင်သစ်ကြီးအပေါ်ထပ်၌ ကျင်းပရာ မိတ္ထီလာမြို့ အာသောကာရုံရေလယ်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ ဆရာတော်ကြီးနှင့် ပင့်သံဃာတော် ၁၀၈ပါးတို့ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြီး အလှူရှင် ဦးတူးမောင်က အောင်မင်္ဂလာစာကြည့်တိုက်၊ မူလတန်းလွန်ကျောင်းနှင့် အောင်မြင်ရတနာ ဘုန်းတော်ကြီးကျောင်းလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို လျှောက်ထားတင်ပြသည်။ ထို့နောက် အလှူရှင် ဦးတူးမောင် – ဒေါ်ထားထားအေးနှင့် ဧည့်ပရိသတ်များအား မိတ္ထီလာမြို့ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တလာဘာဝတက အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

နှစ်ဖက်မိဘများအား အမှူးထား၍ အလှူရှင် ဦးတူးမောင်နှင့် ဒေါ်ထားထားအေး မိသားစုတို့က ထန်းပင်ကန်ကျေးရွာအတွက် အောင်မြင်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ကိုအလျားပေ ၉၀၊ အနံ ၄၅ ပေ၊ အမြင့် ၂၄ ပေရှိ မြန်မာ့ဗိသုကာလက်ရာဖြင့် RC နှစ်ထပ် ကျောင်းဆောင်သစ်ကို ငွေကျပ် သိန်း ၁၂၀၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကျောင်းရေစက်ချပွဲအပြီးတွင် အလှူရှင် ဦးတူးမောင် မိသားစုက ပင့်သံဃာ ၁၀၈ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် အလှူရှင်ဦးတူးမောင်နှင့် ဒေါ်ထားထားအေး မိသားစုသည် လိပ်ခွဲရွာနှင့် ထန်းပင်ကန်ရွာ ဆက်သွယ်သည့် နှစ်မိုင် လေးဖာလုံရှိ လမ်းကို ငွေကျပ်သိန်း ၄၀၀ ကျော် အကုန်အကျခံ၍ ကတ္တရာလမ်းကိုလည်း ဖောက်လုပ်လှူဒါန်းခဲ့သည်။ ယခုရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနား ညပိုင်းတွင် ရန်ကုန်မြို့မှ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)က တရားဓမ္မများ ဟောကြားတော်မူသည်။

(သတင်းစဉ်)



**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အလှူရှင် ဦးစကြီး–ဒေါ်တင်တို့ ကိုယ်စား သမီးဒေါ်သောင်းတို့ အရေးပေါ်လူနာ လက်ခံ ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

❖ **ဗင်နီဇွဲလားမှ**

ရုရှားအာကာသ အေဂျင်စီသည် အာကာသစီမံကိန်းအရပ်ရပ်နှင့် ပတ်သက်၍ ဗင်နီဇွဲလားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီအကြီးအကဲ အန်နာတိုလီပါမီနော့ဗ်က ရုရှားနိုင်ငံဆိုင်ရာ ဗင်နီဇွဲလားသံအမတ်ကြီး အလက်ဇစ်နာဗာရို ရိုဂျက်စ်နှင့် မကြာသေးမီရက်ပိုင်းက တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ရုရှားနိုင်ငံ တစ်နိုင်ငံတည်းနှင့်သာလျှင် အာကာသရေးရာများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရိုဂျက်စ်က ပြောကြားသည်။

အာကာသရေးရာများတွင် ငြိမ်းချမ်းသောရည်ရွယ်ချက်များဖြင့် စူးစမ်းလေ့လာမှုများ ပြုလုပ်သွားနိုင်ရန် အစိုးရအဖွဲ့ချင်း သဘောတူညီချက်တစ်ရပ် ရရှိရန်လိုအပ်ကြောင်း ပါမီနော့ဗ်က ပြောကြားသည်။

ရုရှားအာကာသ အေဂျင်စီသည် ဗင်နီဇွဲလားနိုင်ငံ အစိုးရအဖွဲ့နှင့် အာကာသယာဉ်မှူးများ လေ့ကျင့်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မကြာမီ မူကြမ်းရေးဆွဲမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဆောင်းဦးပေါက်ကာလအရောက်တွင် ဗင်နီဇွဲလားအာကာသယာဉ်မှူးတစ်ဦး လိုက်ပါသည့် အာကာသခရီးစဉ် ပျံသန်းနိုင်မည်ဟု မျှော်လင့်ကြောင်း ပါမီနော့ဗ်က ပြောကြားသည်။

**အင်တာနက်။**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၃–၂၀၀၆ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ ဟင်းရွက်ရေလျှောင်တမံ
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၆။ **နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"**
- ၁၂:၅၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁:၀၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁:၂၀ ၉။ ရန်ကုန်–ဒဂုံတက္ကသိုလ် ရထားလမ်းသစ်နှင့် ဒဂုံတက္ကသိုလ်ဘူတာသစ် အောင်ပွဲ
- ၁:၃၀ ၁၀။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ–သက်တင်)**
- ၁:၄၀ ၁၁။ ရွှေလောင်းတံတား
- ၁:၅၀ ၁၂။ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၂:၄၅ ၁၃။ International News.
- ၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၅ ၇။ အကပြိုင်ပွဲ
- ၅:၂၅ ၈။ မြင်းခြံစိန်သန်းဌေးဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၅:၄၀ ၉။ "စက်မှုတပ်ဆင်လုပ်ငန်းထွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
- ၅:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ အရေးပြိုင်ပွဲ
- ၆:၄၅ ၁၄။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၇:၀၀ ၁၅။ အတီးပြိုင်ပွဲ
- ၇:၁၅ ၁၆။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၃၀ ၁၇။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း–၂၉)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

**မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင် မပေါ့နှင့်**

(11-3)09.P65 1 1/1/32, 2:22 PM

# တာမိုးညဲမြို့နယ် မုံးစီးကျေးရွာ ရန်အောင်မြင်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ခြင်း ပြီးစီးသည့်အထိမ်းအမှတ် ရေစက်ချမင်္ဂလာနှင့် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း)တာမိုးညဲမြို့နယ် မုံးစီးကျေးရွာ ဇိနမာန်အောင်ကုန်းတော်ရှိ ရန်အောင်မြင်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ တည်ဆောက်ပြင်ဆင်ပြီးစီးခြင်း အထိမ်းအမှတ်ရေစက်ချမင်္ဂလာနှင့် စေတီတော်အား ထာဝရ ထိန်းသိမ်းမွမ်းမံနိုင်ရန် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို မတ် ၆ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် အဆိုပါ စေတီတော်ရင်ပြင်၌ကျင်းပရာ တာမိုးညဲမြို့နယ် မုံးစီးကျေးရွာ ဝေဠုဝန်ပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇေယျ အမှူးပြုသော ပင့်သံဃာတော်ကိုးပါးတို့ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝတ်ရွတ်အသင်းများ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က မုံးစီးကျေးရွာ ဝေဠုဝန် ပရိယတ္တိ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိဇေယျထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရန်အောင်မြင်စေတီတော်မြတ်ကြီး သမိုင်းအကျဉ်းကို တာမိုးညဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးထင်ကျော်က ဖတ်ကြား လျှောက်ထားသည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီးတို့က မုံးစီးကျေးရွာ ဝေဠုဝန်ပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇေယျထံဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ရန်အောင်မြင်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ တည်ဆောက် ပြင်ဆင်ရေး ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင် မိသားစုက ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းကြပြီး နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စံရွှေသာက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မူဆယ်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တာမိုးညဲမြို့နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၀၂သိန်းကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

အခမ်းအနားတွင်တိုင်းမှူး၊ ဇနီးနှင့် မိသားစုနှင့် အလှူရှင်များက ရန်အောင်မြင် စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ တည်ဆောက်ပြင်ဆင်ရေး ထာဝရ ငွေပဒေသာပင် အလှူတော်ငွေ စုစုပေါင်းငွေကျပ် ၁၁၂သိန်းကို ပေးအပ်လှူဒါန်း ကြသည်။

ဆက်လက်၍ မုံးစီးကျေးရွာ ဝေဠုဝန်ပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇေယျက အနုမောဒနာတရားချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ် တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနား ကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက်တိုင်းမှူး၊ ဇနီးနှင့် တက်ရောက်လာကြသူများက ရန်အောင်မြင် စေတီတော်မြတ်ကြီး ထာဝရ ကုသိုလ်အဖြစ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြ၍ မုံးစီးကျေးရွာ စိမ်းလဲ့ကန်သာ ဘေးမဲ့ငါးကန်၌ ငါးများကို ငါးစာကျွေး ကုသိုလ်ပြုကြသည်။

ယင်းနောက် တိုင်းမှူးသည် မုံးစီးကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲ ကျောင်းခန်းမဆောင်၌ ကျင်းပသည့် မုံးစီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ဆရာ ဆရာမများသို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ များပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေကကျောင်း၏ ပညာသင်ကြား မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၏ ဇနီးက ကျောင်းဝတ်စုံများနှင့် ဘောလ်ပင် အချောင်း ၁၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေက လက်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် မုံးစီးကျေးရွာကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး အဆိုပါကျေးရွာ၌ ကျင်းပသည့် မုံးစီးကျေးရွာအုပ်စု ၂၀၀၅-၂၀၀၆ခုနှစ် ဆင်းရှွေလီအထူးအထွက်တိုး နှမ်းစပါးထွန်တုံးပိတ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက မုံးစီးကျေးရွာမှ ၂၀၀၄-၂၀၀၅ခုနှစ် နှမ်းစပါးထူးချွန် အောင်မြင်စွာစိုက်ပျိုးခဲ့ကြသည့် ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာ ကြီးကြပ်မှု တာဝန်ခံများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးပညာပေးပြခန်း၌ ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်း၊ ကြက်ဆူဆီနှင့် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ပျိုးပင်ပေါက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား၍ ဒေသခံတောင်သူများ၏ နှမ်းစပါးစံပြဧက ၁၀၀စိုက်ခင်းအတွင်း ထွန်တုံးပိတ် တပျော်တပါး ကောက်စိုက် နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက်တိုင်းမှူးသည် တာမိုးညဲမြို့နယ် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက်တိုင်းမှူးသည် သိန်းနီမြို့ မြို့မစိုက်ကွင်းဆင်းရှွေလီအထူးအထွက်တိုး နှမ်းစပါးစံပြဧက ၄၄၀၀ စိုက်ခင်းသို့လည်းကောင်း၊ အဆိုပါ မြို့မစိုက်ကွင်းအနီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)





# ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့် ရေကူးအသံလွှင့်စက်ရုံစစ်ဆေး

ရန်ကုန် မတ် ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းနှင့်ပြင်ပရိုက်ကူးရေးဌာန၊** Master Control Room၊ News Studio **နှင့်** News Studio Control Room၊ Radio Master Control Room၊ Radio News Studio **နှင့် ဓာတ်ပြားတိုက်ဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးအတွက် ထပ်မံလိုအပ်မည့် ပစ္စည်းများတပ်ဆင်ရေး၊ လုံခြုံရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူ ကြပ်မတ်ဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် ပစ္စည်းများဖြည့်တင်းဝယ်ယူရေး၊ မီးဘေးဓာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ်ရှိ ရေကူး အသံလွှင့် စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးအား စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးမျိုး ဝင်းနှင့်တာဝန်ရှိသူများကစက်ရုံအတွင်း မီးဘေးအန္တရာယ် ကြိုတင် ကာကွယ် ထားရှိမှုများ၊ လုံခြုံရေးတာဝန်များ စနစ်တကျ ဆောင်ရွက်ထားမှုများနှင့် ငါး မွေးမြူရေးအတွက်ငါးကန်များ တူးဖော်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လုံခြုံရေး အတွက် စက်ရုံအတွင်း စနစ်တကျ ကြပ်မတ်စစ်ဆေးရန်လိုကြောင်း၊မီးဘေး အန္တရာယ် ကာကွယ်ရေးကိုလည်း စနစ်တကျ ကြိုတင်ကာကွယ် ထားရန် လိုကြောင်း၊ ငါးကန်တူးဖော်မှု အခြေအနေများကို စနစ်တကျ ဆောင်ရွက် ရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန် ရှိသူများသည် စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် ထားရှိမှုများ၊ စက်ရုံမိသားစုများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော စိုက်ခင်းများ၊ စက်ရုံဟောင်းအတွင်း Medium Wave (လှိုင်းလတ်)နှင့် Short Wave(လှိုင်းတို) စနစ်များဖြင့် ရေဒီယိုအသံလွှင့်စက်များ၏ အသံလွှင့် နေမှုများ၊ စက်ရုံဝင်းအတွင်းရှိ Antenna Tower များကို မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် မီးတားလမ်းများ ဖောက်လုပ် ထားရှိမှုများနှင့် ငါးကန်တူးဖော်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင်စက်ရုံမှ ပြန်လည် ထွက်ခွာသွားသည်။ (သတင်းစဉ်)

# ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်ထား

**ရန်ကုန် မတ် ၁၀**

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၀)နှင့် (၁၁)အကြားမှ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်၌ အစိမ်းရောင် တြိဂံ အမှတ်အသားပြသထားပြီး ညအခါ မီးစိမ်း ထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီ ထွန်းပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များ၌ မြားအမှတ်အသားပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်၌ ၁၅ပေ ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာ အဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်နှင့် တွဲရေယာဉ်များ နှစ်စီးတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်တွဲခြင်း မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းခြံလမ်းမှ** 2005-2006, MV Northern Divinity **သင်္ဘောသားများ** (Uniteam) **က အမေရိကန်ဒေါ်လာ ၃၇၇ ဒေါ်လာကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

**(၁၀-၃-၂၀၀၆)**
**မင်းဘူး၊ ပြည်၊ ရွှေကျင်၊ သာယာဝတီနှင့် ပုသိမ် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)၊**





## ကျင်းပ

**ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။**
(သတင်းစဉ်)

# ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၀

**ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ မဟာဝိဇယစေတီတော် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက်၍ မဟာဝိဇယစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှု၊ ဘက်စုံစည်ပင်ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်း၍ လျှောက်ထားသည်။**

ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့သို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ် ဦးအုံမောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မန္တလေးတိုင်း ရမည်းသင်းမြို့ ဝါဆိုရပ်ကွက် ဆင်ကျုံးတောရကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လ၊ ပဲခူးတိုင်း (အရှေ့) ပဲခူးမြို့ ပန်းလှိုင် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နိပုဏ၊ ရန်ကုန်တိုင်း သန်လျင်မြို့ ဗိုလ်ချုပ်ရွာ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္တကာဇီဝ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြောက်ကမ္မရိုက်ကျေးရွာ မုန်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို လျှောက်ထားကာ အစည်းအဝေး အထမြောက်ကြောင်းနှင့် ယနေ့ဆက်ကပ်ဖြန့်ဝေထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ထို့နောက် မဟာဝိဇယစေတီတော် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက မဟာဝိဇယစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှု၊ ဘက်စုံစည်ပင်ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်း၍ လျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ကိုယ်စားလှယ် ဆရာတော်များက အကြံပြုဆွေးနွေးတော်မူကြရာ ရှေးဦးစွာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်း(အနောက်) ပြည်မြို့ မဟာသုဒဿနာရာမတိုက်မှ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလ၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဓမ္မရောင်ခြည်ကျောင်းမှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် မန္တလေးတိုင်း သာစည်မြို့ ဓမ္မာလင်္ကာရကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိန္ဒာစာရတို့က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း မုံရွာမြို့ ဇောင်းကြမ်းပင် ပရိယတ္တိစာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရသီရိ၊ မကွေးတိုင်း မကွေးမြို့ သံဃာရာမကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစိန္တာဘာသနှင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ (၉)ရပ်ကွက် ပစ္ဆိမာရုံစာသင်တိုက်မှ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစိန္တိတာလင်္ကာရတို့က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်း မြိတ်မြို့ တောကျောင်းပရိယတ္တိစာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ မဏိရတနာပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တသောမတို့က လည်းကောင်း အသီးသီး အကြံပြုဆွေးနွေးတော်မူကြပြီး ဒုတိယနေ့အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် ဇာဂလမ်း အမှတ်(၆၀၉)နေ ဦးအောင်ဒင်မိသားစုက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

# အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်

**ရန်ကုန် မတ် ၁၀**

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားမျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါ အထူးဈေးရောင်းပွဲတော်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်ပစ္စည်းအမျိုးပေါင်း ၅၀၊ စားသောက်ကုန်ပစ္စည်း ၅၇ မျိုး၊ ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၆၉မျိုး၊ ကြွေထည် မြေထည်ပစ္စည်း ၇၅ မျိုး၊ စက္ကူစာရေး ကိရိယာ ၂၂ မျိုး၊ လျှပ်စစ်ပစ္စည်းနှင့် အထွေထွေပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ပစ္စည်း ၇၂မျိုး၊ စုစုပေါင်း ပစ္စည်း ၃၄၅ မျိုးတို့ကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကားရောင်းချပေးသွားမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ကြသည်။ (သတင်းစဉ်)

# တွံတေးဆရာတော်တရားပွဲ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး(၁)လမ်း၊ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေးအရှင်ကုန္ဒက (ဓမ္မကထိက ဗဟုဇန ဟိတဓရ) သည် မတ် ၁၄ ရက် ည ၇ နာရီ၌ ရန်ကုန်တိုင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆုထူးပန် ဆရာတော်အား ပူဇော်ပွဲ၊ မတ် ၁၆ ရက်၌ အသောကာရုံ ရွှေကျင်စာသင်တိုက် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဆရာတော်အား ဂုဏ်ပြုပွဲ အင်းစိန်၊ မတ် ၂၀၊ ၂၁ရက်၌ (၇၃)နှစ်မြောက် ပန်းငွေရုံ ဆရာတော် ဝိဇာတမွေးနေ့၊ ၂၃ရက်၌ လေးထောင့်ကန်ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ၂၄ရက်၌ မင်္ဂလာဒုံ၊ ဂန္ဓာရုံကျောင်း၊ ၂၅၊၂၆ရက်၌ မြိတ်မြို့၊ ၂၇ရက်တွင် တောင်ဥက္ကလာ၊ ၂၈ ရက်၌ သီရိမင်္ဂလာကျောင်းတိုက်၊ ၂၉ ရက်၌ (၁၈/က)ရပ်ကွက် မိသားစု ဓမ္မာရုံ ဒဂုံတောင်၊ ဧပြီ ၁ ရက်၌ ရွှေပြည်သာ၊ ၂ ရက်၌ (၃၂)ကြိမ်မြောက် စံပြဖဆပလရပ်ကွက်၊ ၄ ရက်၌ (၁၀၄) ရပ်ကွက် တောင်ဒဂုံ၊ ၅ရက်၌ (၃၂)ကြိမ်မြောက်အောင်ပွဲ မလွန်ဆန် အသင်း၊ ၆ရက်၌ (ဃ)ရပ်ကွက် ဝေပုလ္လ ဝိဇယ ဓမ္မာရုံ မြောက်ဥက္ကလာပ၊ ၇ ရက်၌ ဒေါပုံ၊သာကေတ၊ ၈ရက်၌ မလွန်ဆန် လှူအသင်း ပုဇွန်တောင်၊ ၁၁ရက်၌ (၂၃)ရပ်ကွက် ရှင်ဥပဂုတ္တပူဇော်ပွဲ တောင်ဒဂုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၁၀

**၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက် မြန်မာစံတော်ချိန် ဝ၇နာရီ ၄၃မိနစ် ၄၂စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၃၆၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (ကပ္ပလီကျွန်းစုအနီး ပင်လယ်ပြင်၊ အိန္ဒိယဒေသ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။**

# မော်တော်ကားမှန်များတွင် စတေကာကပ်ပါက ထိရောက်စွာ အရေးယူမည်

**ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတေကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတေကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။**

**သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတေကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



**မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၂၅၀ အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံအသစ်အတွက် ဖေဖော်ဝါရီ ၂၈ရက်က မော်လမြိုင်မြို့ ပြည်တော်သာဝင်း အမှတ်(၂၇/ဂ)နေ ဦးလှချို–ဒေါ်တင်တင်ဝင်းမိသားစုက ငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။** (၂၅၇)

# လိုင်းကားအချင်းချင်း ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ရန်ကုန် မတ် ၁၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီလက်အောက်ရှိ တာမွေ–မော်တင်ပြေးဆွဲသော ခရီးသည်တင် အမှတ်(၁၀၅)(အဖြူရောင်)ဒိုင်နာယာဉ်တစ်စီး လိုင်းကားအချင်းချင်းအတင်းကျော်တက်ရာမှ အရှိန်လွန်တိမ်းမှောက်မှုတစ်ရပ် ယနေ့ညနေပိုင်းတွင် ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ယနေ့ညနေ ၄နာရီမိနစ်၂၀တွင် ယာဉ်မောင်း စိုးမိုးအောင်မောင်းနှင်သော ခရီးသည်တင် အမှတ်(၁၀၅)(အဖြူရောင်) ဒိုင်နာယာဉ် အမှတ် သ/၆၄၈သည် မော်တင်ဘက်သို့အသွား ဗညားဒလလမ်း ယုဇနပလာဇာအနီးသို့ အရောက်၌ စပယ်ယာ မျိုးမင်းအောင်က ရှေ့မှ လိုင်းကားအချင်းချင်းကို အတင်းကျော်တက်ခိုင်းရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခြင်းဖြစ်သည်။

အဆိုပါယာဉ် တိမ်းမှောက်မှုကြောင့် စပယ်ယာနှင့် ခရီးသည်နှစ်ဦး ဒဏ်ရာအနည်းငယ်စီ ရရှိသွားပြီး မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း စိုးမိုးအောင်မှာ ထွက်ပြေးသွားကြောင်းနှင့် ယင်းယာဉ်တိမ်းမှောက်မှုကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ယာဉ်မှုစစ်ဌာနစုက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ကြေးမုံ)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ အလှူငွေများလှူဒါန်း

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့မှ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံ ဧည့်ခန်းမဆောင်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံရယူသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ နိုင်ငံခြားရေး ဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များ ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## သန်လျင်တောရ ဝိပဿနာ တရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

သန်လျင်မြို့ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် ဝိပဿနာ ၁၀ရက် တရားစခန်းကို မတ် ၁၉ရက်မှ ၂၈ရက်ထိ ကျင်းပမည်ဖြစ်သည်။ သန်လျင်တောရမေဓါဝီဒီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ နိပုကာ အရှင်သူမြတ်က ဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ မတ် ၁၈ရက်(စနေနေ့) ညနေအရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)



## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

**ရန်ကုန် မတ် ၁၀**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့်ဆောင်ရွက်မှုကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်၌ပြုလုပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြို့နယ်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်ပြည်သူများက အသိစိတ်ဓာတ်ရှိစွာဖြင့် ပါဝင်ပူးပေါင်း လုပ်ဆောင်ရေး၊ အသိပညာပေးခြင်းလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ရေး၊ ကျန်းမာရေးဌာန တာဝန်ရှိသူများအနေဖြင့် ရောဂါဖြစ်ပွားစေသည့် ခြင်ပေါက်နိုင်သော လောက်လန်း ပပျောက်အောင် အဓိကထား လုပ်ဆောင်ရေး မှာကြားသည်။ (၁၉)

## ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်သို့ အရဏ်ဆွမ်းအတွက်ကျပ်၂၁သိန်းလှူဒါန်း

**ပြည် မတ် ၇**

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချ+စာသင် သံဃာတော်အပါး ၅၄၀ တို့၏ အရဏ်ဆွမ်းအတွက် တစ်နေ့လျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ၂၀၀၆ ခုနှစ် မတ်လမှ ဇူလိုင်လအထိ အလှူတော်ငွေ ကျပ် ၂၁ သိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်း ထွေးစံအိမ်နေ ညွန့်ထရေးဒင်း ကုမ္ပဏီပိုင်ရှင် ဦးကျော်ညွန့်မိသားစုက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပဌမအကြိမ် လှူဒါန်းပြီး ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ ဇောတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာ တရားတော်နာယူလျက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ (က–ပ)

## ပြည်သူ့ထံမှပေးစာ

### လမ်းပိတ်ဆို့ဈေးရောင်းနေမှု ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ မှန်ရဝေလမ်းထိပ်(ဝဲ၊ယာ) တစ်ဖက်စီတွင် ည ၁၁နာရီ ကျော်သည်အထိ ညဈေးတန်း ဖွင့်လှစ်ရောင်းချခြင်း၊ ထရန်စဖော်မာ အနီးတွင် အကြော်ကြော်နေခြင်းတို့ကြောင့် လမ်းသွား၊ လမ်းလာများနှင့် မော်တော်ယာဉ်များ အနှောင့်အယှက် ဖြစ်လျက်ရှိပြီး မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသည်။

သို့ပါ၍ အဆိုပါ ဈေးတန်းအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**မှန်ရဝေလမ်းသားများ**

### စားသောက်ဆိုင်မှ စင်တင်တေးဂီတသံ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးနေ

**စာတည်းရှင့်–**

အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်း ၁၀ မိုင်ရှိ စားသောက်ဆိုင် တစ်ဆိုင်သည် ညစဉ် စင်တင်တေးဂီတ သီချင်းများ သီဆိုလျက်ရှိရာ ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

ထို့အပြင် အသားကင်ညှော်နံ့နှင့် အတူ၊ မီးစက်ဆူညံသံ၊ သောက်စားမူးယစ်သူများ၏ ဆူညံအော်ဟစ်သံများကိုလည်း ညဉ့်နက် သန်းခေါင်အထိ ကြားနေရပါသည်။

သို့ပါ၍ ပြည်သူများ ညဘက်ကောင်းစွာ အိပ်စက်အနားယူနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆယ်မိုင်သူ**

## ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

### စည်းကမ်းမဲ့ အမှိုက်ပစ်မှုများ တားမြစ်ပေးစေလို

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနှင့် (၃၅)လမ်း နောက်ဖေးလမ်းကြား အထက်ပိုင်းတွင် အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းများကြောင့် ရေမြောင်းများ ပိတ်ဆို့ပြီး ပတ်ဝန်းကျင်တွင် အနံ့ဆိုးများ ပျံ့လွင့်နေပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ အမှိုက်များ ရှင်းလင်းပေးပါရန်နှင့် စည်းကမ်းမဲ့အမှိုက်ပစ်သူများအား တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

### ထော်လာဂျီစက်မောင်းသံ နားမခံနိုင်

**စာတည်းခင်ဗျား–**

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်တွင် နေ့စဉ် ထော်လာဂျီများ ရောင်းဝယ်နေကြရာ စက်မောင်းသံများကို နံနက်မှ ညနေအထိ ဆူညံစွာ ကြားနေရပါသည်။ ထို့အပြင် အဆိုပါ ယာဉ်များ ကုန်တင်ကုန်ချ ပြုလုပ်ချိန်တွင်လည်း လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး လမ်းသွားလမ်းလာ ပြည်သူများအတွက် အနှောင့်အယှက်ဖြစ်ရပါသည်။

သို့ပါ၍ လမ်းပေါ်တွင် အရောင်းအဝယ် ပြုလုပ်နေမှုအား စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **တောင်ကြီးသား**

### ကျူးကျော်တဲများ ရှင်းလင်းဆောင်ရွက်ပြီး

၇–၁–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လှိုင်သာယာမြို့နယ် ညောင်ကျေးရွာရှိ "ကျူးကျော်တဲများနှင့် ဝက်ခြံများဖယ်ရှားပေးပါ" ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

### ရထားလက်မှတ်ခ သတ်မှတ်နှုန်းထက် ပိုပေးနေရ

**စာတည်းခင်ဗျား–**

ကျွန်တော်တို့ ခရီးသည်များသည် အောင်လံမြို့နယ် (ပြလို့) ဘူတာမှ တောင်တွင်းကြီးသို့ ရထားဖြင့်သွားလာနေရသူများဖြစ်ပါသည်။ ၎င်းခရီးစဉ်အတွက် လက်မှတ်ခမှာ ကျပ် ၃၀၀ ဖြစ်သော်လည်း ယခုအခါ သတ်မှတ်နှုန်းထက် လက်မှတ်ရောင်းစာရေးကို ပိုပေးနေရပါသည်။

သို့ပါ၍ သတ်မှတ်နှုန်းထားနှင့်အညီ မီးရထားဖြင့် ခရီးသွားနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသည်များ**

### ကျူးကျော်လက်ဖက်ရည်ဆိုင် ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် လူသွားစင်္ကြံနှင့် လမ်းမပေါ်၌ စားပွဲကုလားထိုင်များဖြင့် ခင်းကျင်းရောင်းချလျက်ရှိပါသည်။ လမ်းသွားလမ်းလာများအတွက် အနှောင့်အယှက်ဖြစ်ပြီး ကားရပ်နားရန် နေရာမရှိပါ၍ ညအိပ်ကား ၁၅စီးခန့်မှာ အနော်ရထာလမ်းမကြီးပေါ်တွင် ရပ်ထားရပါသည်။ သို့ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆိပ်ကမ်းသာလမ်းသားများ**

### ရပ်ကွက်အတွင်းမှ ဆန်စက် ပြောင်းရွှေ့ပေးစေချင်

**စာတည်းခင်ဗျား–**

ပဲခူးတိုင်း ပြည်မြို့နယ် ဝက်ထီးကန်နဝင်းလမ်းမှ ဆန်စက်မှာ နေ့ညမပြတ် လည်ပတ်လျက်ရှိပါသည်။ ထိုဆန်စက်မှ အမှုန်အမွှားများကို ပတ်ဝန်းကျင်တွင်နေထိုင်သူများ ရှူရှိုက်နေရပါ၍ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဝက်ထီးကန်သား**

### ငါးပိအနံ့မခံနိုင်၍ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သုခလမ်းတွင် ငါးပိလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ငါးပိအနံ့များကို နေ့စဉ်ရှူရှိုက်နေရပါသည်။ သို့ပါ၍ ၎င်းလုပ်ငန်းအား လိုအပ်သလို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ငါးပိအနံ့မခံနိုင်သူ**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ လူနာကုသဆောင်သစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ တက်ရောက်

ရန်ကုန် မတ် ၁၀

**မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိ အရေးပေါ် လူနာလက်ခံကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယတရားသူကြီးချုပ်(မန္တလေး) ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် (မန္တလေး) ဦးဟန်ရှိန်၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့၊ အမှတ်(၈)နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်း ကျောင်းမှ အကနှင့် ပန်းဖွားအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်း အတွင်းရှိ အရေးပေါ်လူနာလက်ခံ ကုသဆောင်သစ်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အလှူရှင် ဦးစကြီး–ဒေါ်တင်တို့ကိုယ်စား သမီး ဒေါ်သောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရေးပေါ်လူနာ လက်ခံကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရေးပေါ် လူနာလက်ခံ ကုသဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး ကြသည်။

ဖွင့်လှစ်လိုက်သော အရေးပေါ် လူနာလက်ခံကုသဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၅၀ ရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုသဆောင်သစ်အတွင်း၌ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ အထူးကြပ်မတ်ကုသဆောင်တို့ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✳






**စက်ခလုတ်နှိပ်ဖွင့်လှစ်**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ် လူနာလက်ခံကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ဗင်နီဇွဲလား အာကာသယာဉ်မှူးများကို ရုရှားနိုင်ငံက လေ့ကျင့်ပေးရန် အသင့်ရှိ

**မော်စကို မတ် ၁၀**

ရုရှားနိုင်ငံသည် ဗင်နီဇွဲလားအာကာသယာဉ်မှူးများကို လေ့ကျင့်ပေးရန် အသင့်ရှိကြောင်း၊ ပထမဆုံးသော ဗင်နီဇွဲလားအာကာသ ယာဉ်မှူးသည် ၂၀၀၈ ခုနှစ်တွင် အာကာသယာဉ်နှင့်အတူ လိုက်ပါဖွယ် ရှိကြောင်း ရုရှားနိုဗိုစတီသတင်းဌာနက ကြာသပတေးနေ့တွင် သတင်း ထုတ်ပြန်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

**ရုရှားနိုင်ငံ မြို့တော် မော်စကို အနီးရှိ စတားစီးတီး အာကာသ ဗဟိုဌာနတွင် အာကာသ ခရီးစဉ်အတွက် ကြိုတင် ပြင်ဆင် လေ့ကျင့်နေသော သင်တန်းသားများကို တွေ့ရစဉ်။**



# ပဲခူးတိုင်း၌ မိုးစပါးကော သိန်း ၃၀ တိုးတက်စိုက်ပျိုးရန် ကြိုးပမ်းဆောင်ရွက် အဝိကသီးနှံ ၁၀ မျိုးနှင့် အမယ်သစ်သီးနှံများအပြင် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုး

ရန်ကုန် မတ် ၁၀

**ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ထန်းတပင်မြို့သို့ နံနက် ၈ နာရီတွင် ရောက်ရှိပြီး ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိမင်္ဂလာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိ ရပ်ဖများအား တွေ့ဆုံသည်။**

ရှေးဦးစွာ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက မြို့နယ်၏ ဒေသဆိုင်ရာအခြေအနေ များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

**တိုးချဲ့စိုက်ပျိုးရေးဆွေးနွေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များ အပေါ် လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပဲခူးတိုင်း၌ မိုးစပါးစိုက်ကော သိန်း ၃၀ တိုးတက် စိုက်ပျိုးရန် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဒေသခံ တောင်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင် ရွက်ကြရေး၊ အဓိကသီးနှံ ၁၀ မျိုး နှင့် ဒေသနှင့်ကိုက်ညီသည့် အမယ် သစ် ငရုတ်ကောင်း၊ ကော်ဖီနှင့် နှစ်ရှည်သီးနှံဖြစ်သည့် သစ်ဆိမ့် အပြင် ခြံစည်းရိုးကြက်ဆူပင်များ ကိုလည်း တိုးချဲ့စိုက်ပျိုးရေးဆွေးနွေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ ဝင်များသည် ထန်းတပင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် သို့ သွားရောက်၍ ပျိုးဥယျာဉ် အတွင်း ကြက်ဆူပင် မျိုးကိုင်းနှင့် မျိုးစေ့ ၇၀၀၀၀ ပျိုးထောင်ထားရှိ မှုနှင့် ရှင်သန်ဖြစ်ထွန်းမှု အခြေ အနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**မှာကြား**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၁၀ နာရီ တွင် ထန်းတပင်မြို့နယ် ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်းရှိ ဖျားနာကုသဆောင်၊ သားဖွား ဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ် ခန်း၊ ဓာတ်ခွဲခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များအား ဆေးရုံ အတွင်း၊ အပြင် သန့်ရှင်းရေး၊ သာယာလှပရေးနှင့် လိုအပ်သည်များ မှာကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ●